ရွှေပဒေသာစာပေ

# မယ်နိုင်

## အပြုံးရောင်သက်တံ

(အချစ်လုံးချင်းဝတ္ထုသစ်)



## အခန်း (၁)

အသက်သုံးဆယ်ကျော်ခန့်ရှိမည်ထင်ရသော ယောကျာ်းကြီးတစ်ယောက်က အသက်ငါး နှစ်အရွယ်မျှသာရှိသေးသော ကောင်မလေး တစ်ယောက်ကိုလက်ဆွဲ၍ "မူးရိပ်မြို့"ဆိုသော ခြံကျယ်ကြီးထဲသို့ ဝင်လိုက်သည်။

ထိုလူကြီးပုံမှာ ခန့်ငြားသန့်ပြန်နေသလောက် သူတွဲခေါ်လာသော မိန်းကလေးမှာ စုတ်ပြတ်နုံ့ ချာလွန်းလှသည်။ ခိုကြောင်ကြောင်နှင့် ပွရှပ်နေသော ဆံနွယ်စပ်မှစ၍ မဲညစ်ပေးကျံနေသော ခြေသည်ခုံးခုံးလေးတွေထိ ဘယ်အင်္ဂါကိုမှ ကောင်းတယ်ဟု ပြောစရာမရှိ။

သို့သော် မျက်တောင်ကော့ကော့၊ မျက်ဝန်းဝိုင်းဝိုင်းလေးများက ကော်ပတ်ရပ်လေးနယ်၊ မဲညစ်ပေကျံနေပေမယ့်လည်း ဝါဝင်းစိုပြည်လှသော အသားအရည်လှလှက ဖုံးမနိုင်ဖိမရ။ လူကုံထံ အသိုင်းအဝိုင်းမှ ဆင်းသက်လာသူလေးနှယ်ပင်။

ခြံဝင်းကြီးမှာ အတော်အတန်ကျယ်ပြီ။ လမ်းရှည်ရှည်လေးကို ဖြတ်လျှောက်ရသောကြောင့် သူမလေးမှာ သူမတစ်သက်မမြင်ဖူးခဲ့သည်များကိုမြင်နေရ၍ ငေးမောမဆုံးနိုင်ဘဲ ထိုလူကြီးဆွဲခေါ် ရာနောက်သို့ လိုက်ပါလာခဲ့သည်။

အိမ်ထဲသို့ဝင်လိုက်သည်နှင့် အိမ်အကူဟု ထင်ရသောအမျိုးသမီးကြီးတစ်ယောက်က ထိုလူကြီးကိုင်ထားသော အိတ်ကို တရိုတသေလေးယူလိုက်သည်။

"ဒေါ်လုံး....စနဲ့သားကိုခေါ်လိုက်ဦး"

“ဟူတ်ကဲ့ဆရာ”

ထိုအမျိုးသမီးကြီး အိမ်အပေါ်ထပ်သို့ ခပ်သုတ်သုတ်တက်သွားပြန်သည်။ ထိုအမျိုးသမီးကြီး တက်သွားပြီး ခဏအကြာမှာ အလွန်ကျက်သရေရှိလှသော အမျိုးသမီးလှလှတစ်ယောက်နှင့် သူမ အရွယ်
မတိမ်းမယိမ်းကောင်လေးတစ်ယောက်ကို ဆင်းလာကြသည်။

“ကိုကလည်း ရောက်မယ်ဆိုလည်း ဖုန်းကြိုဆက်ရောပေါ့။ စံကြိုနေမှာပေါ့”

“သားနေကောင်းတယ်နော်”

“ဟုတ်ကဲ့အဖေကြီး သားက ဖေကြီးကိုလွမ်းနေတာ”

“ဒီအပြောလေးတွေကြောင့် သားကို တိုးပြီးချစ်နေရတာ ပေါ့”

“ဟင် ကို....သူလေးက ဘယ်သူလဲ”

ဪ....စံနဲ့သားကို မိတ်ဆက်ပေးရဦးမယ်။ ဒါကိုဘမောင်ရဲ့ သမီးလေးလေ။ နာမည်က ဖူးဖူးတဲ့

“ဒါနဲ့ ကိုဘမောင်ရဲ့အခြေအနေကရော”

“ဆုံးသွားပြီ”

“ရှင် စိတ်မကောင်းလိုက်တာ”

“ဟုတ်တယ် စံရေ----- တကယ့်ကို စိတ်ထိခိုက်စရာကြီးပဲ။ ဇနီးဆုံးတာ တစ်နှစ်မရှိသေးဘူး”

“ရှင် မတွယ်လေးလည်း ဆုံးပြီ”

“အဲဒီ့ စိတ်တွေလည်း ပါမှာပေါ့ကွာ။ ကြားထဲက ဟောဒီသမီးလေးက ပိုသနားစရာဖြစ်သွား တော့တာပဲ။ အရွယ်မရောက်ခင်ကပဲ ဆွေမျိုးမရှိ

တစ်ကောင်ကြွက်ဖြစ်နေရတာ ”

ထိုအခါမှာတော့ ဒေါ်ရောစံ ဘာမှမပြောနိုင်တော့ပါ။ မျက်ဝန်းထက်မှာတော့ ကြေကွဲခြင်းအရိပ်တွေ လျှံထွက်နေပါသည်။

“ကိုယ်လည်း လက်မောင်းတစ်ဖက်ပြုတ်သွားသလို ခံစားရပါတယ်ကွာ”

ညည်းတွားလိုက်တဲ့ ဦးခန့်ကျော်ရဲ့ စကားသံက ဒေါ်ရောစံရဲ့ ခံစားချက်ကို မထိုးဖောက်နိုင် တော့ပါ။ ဒေါ်ရောစံမှာ နီကြောင်ကြောင်နှင့် ရှုပ်ပွနေသော သူမရဲ့ဦးခေါင်းညစ်ထေးထေးကိုသာ ညင်သာစွာပွတ်သပ်နေပါတော့သည်။

ဒေါ်ရောစံရဲ့တိမ်ဆင်းသွားသောအပြုအမူက သူမလေးရင်ကို စမ်းရေကြည်သဖွယ် စိမ့်ဝင်လာပါသည်။ သူမလေး ဘယ်တုန်းကများ ဒေါ်ရောစံနှင့် အဲ့ဒီလောက် ရင်းနှီးသွားခဲ့ပါလိမ့်။

“ကို စံတို့ သူလေးကို မွေးစားကြရအောင်”

ဦးခန့်သော်ထံမှ အသံတို့က တိတ်ဆိတ်နေရသည်။

သူမရင်ထဲ စိုးရိမ်စိတ်လေးဖြစ်ပေါ်လာမိပါသည်။

ဦးခန့်သော်ကို သူမကြည့်ရဲပါ။ ခေါင်းခါလာမယ့်ပုံရိပ်ကို မမြင်ဝံ့လိုပါ။

“သမီးက သိပ်ချစ်စရာကောင်းတာပဲ။ စံတော့ချစ်မိသွားပြီ”

“ကိုယ်သိပါတယ်။ စံဝမ်းနည်းခဲ့ရတာ ကိုပေ့ါ။ သမီးလေးတစ်ယောက်သိပ်လိုချင်တဲ့စံရဲ့ စိတ်”

“ဆရာဝန်ကတော့ စံကိုကလေးထပ်ယူလို့မဖြစ်တော့ဘူးလို့ဆိုတဲ့အခါကဆို စံသိပ်ဝမ်း နည်းခဲ့ရတယ်”

“ကိုယ်သိနေပါတယ်။ ကိုယ်ဝမ်းသာတယ်။ အခုစံရဲ့ဆန္ဒကို

ကိုယ်ဖြည့်ဆည်းပေးနိုင်လို့”

“ဂမ်းသာလိုက်တာကိုရယ်။ တကယ်ပါ…ကိုလက်ခံတာပေါ့နော်”

“ကိုယ်က စံလက်မခံမှာပဲ စိုးရိမ်နေခဲ့တာပါ”

သူမလေး သိပ်ဂမ်းသာပျော်ရွှင်သွားရသည်။ ထိုဂမ်းသာမှုက တာရှည်မခံပါ။ ပေစောင်းစောင်းနှင့် သူမကို နှာခေါင်းရှုံ့မဲ့စွာ စိုက်ကြည့်နေသော ကောင်လေးတစ်ယောက်ကြောင့် ပါ။

ထိုအကြည့်စူးစူးက သူမစိတ်ကို သိမ်ငယ်စေခဲ့တာပါ။ ထိုကြည့်တစ်ချက်ရဲ့ အဓိပ္ပာယ်က ထိုသို့ ညစ်ပေပေကောင်မလေးကို ညီမတော်ရမှာ ရွံ့ရှာနေသယောင်။

“သမီးလေးက သိပ်ချစ်ဖို့ကောင်းတာပဲ။ မေမေတော့ မြင်မြင်ချင်းပဲ ငါ့သမီးလေးကို သိပ်ချစ်သွားပြီ”

မေမေတဲ့…. ဒါဆို ဒီအချိန်ကစပြီး သမီးရဲ့မေမေက ထိုအမျိုးသမီးလှလှကြီးဖြစ်သွားပြီပေါ့ နော်…

“သားရယ်…. မျက်မှောင်ကြီးတွန့်လို့ ဘယ်လိုဖြစ်နေတာလဲ။ ညီမလေးကို ဒီလိုပဲကြိုဆိုရသ လား”

ထိုအမျိုးသမီးဟန့်တားသံကာ ကောင်လေး၏ မျက်မှောင်ကို ပြေလျော့သွားစေပါသည်။ သို့သော်မျက်ဝန်းကတော့ စူးရှဆဲ။

“သိပ်ညစ်ပတ်တာပဲ။ သူ့ကိုယ်နံ့က တစ်အိမ်လုံးနံဟောင်နေပြီ”

သိပ်အသန့်ကြိုက်တဲ့သားတစ်ယောက်ကြောင့် မိဘနှစ်ပါးစလုံးမှာ တဟားဟားနှင့်ပွဲကျ သွားကြတော့သည်။

ရယ်သံတွေကြားမှ ပို၍ အနေကျုံ့သွားသူက သူမပဲဖြစ်ပါသည်။

“သားရယ်.... ညီမလေးကို မစပါနဲ့။
ကြည့်စမ်း”သားအပြောကြောင့်သနားစရာလေးကျုံ့ နေရှာတာ

ထိုအခါမှာတော့ ကျုံကျုံကုတ်ကုတ်လေး မဝံ့မရဲထိုင်နေရှာသော သူမလေးထံ ကောင်လေး ရဲ့အကြည့်တို့က အနည်းငယ်ဝေဝါးသွားရပြန်သည်။

“ကဲ....သမီးကို မိတ်ဆက်ပေးရဦးမယ်။ ဒါနောက်ဆိုသမီးက ကိုကိုလို့ခေါ်ရမယ်။ ခေါ်ကြည့်ပါဦး”

“ကို...ကို...”

ခေါ်ချင်ပေမယ့်လည်း မခေါ်ရဲတာကြောင့် မရဲတရဲလေး...

“သားကလည်း ညီမလေးကိုကြင်ကြင်နာနာဆက်ဆံရမယ်နော် သားနဲ့သမီးရဲ့စိတ်ထဲမှာ မှတ်ထားရမှာက သားနဲ့သမီးက မောင်နှမတွေ ဟုတ်ပြီလား....ဒီနေ့ကစပြီး ငါသား “မူး”ရဲ့နာမည် ကလည်း မူးခန့်သော်၊ သမီးဖူးဖူးရဲ့နာမည်ကလည်း “ဖူးခန့်သော်”၊ အဲဒါဘာကြောင့်လဲသိလား... မောင်နှမတွေမို့ပဲ။ ဟုတ်ပြီလား”

“ဟုတ်”

“သမီးက သိပ်လိမ္မာတာပဲ။ သမီးလေးက ဘယ်နှတန်းရောက်ပြီလဲ”

“သမီးက....”

“သြော်...စံ သူကျောင်းမနေရသေးဘူး။ အသက်ကတော့ ငါးနှစ်ပေမယ့် ကိုဘမောင်ရဲ့ ကျန်းမာရေးအခြေအနေကြောင့်....ဒီနှစ်ကျောင်းမထားဖြစ်လိုက်ဘူး”

“သြော်ဖြစ်ရလေ။ ဒီနှစ်တော့ သိပ်နောက်ကျသွားပြီ။ နောက်နှစ်မှ ကိုကိုနဲ့အတူတူ ကျောင်းတက်ကြတာပေါ့။ ကိုကိုက ဒုတိယတန်းဆို ငါ့သမီးက သူငယ်တန်းပေါ့။ ဟုတ်လား”

“ကဲ..စံရယ် ဒါတွေ နောက်မှစီမံပါ။ သမီးလေးခရီးပမ်းလာတယ်။

နားပါစေဦး”

“စံလည်း ဂမ်းသာလွန်းတာနဲ့ပဲ ဂတ္တာရားတွေမေ့ကုန်ပြီး ခရီးပန်းလာတာ သမီးလေး မောရောပေါ့”

“ကိုယ်လည်း ခရီးပန်းလာတာပါပဲ။ သမီးရတာ နဲ့ပဲ ကိုယ့်ကိုမေ့သွားလိုက်ပြီလား”

“ဟာ....ကိုကလည်း”

ဒီလိုသာယာနာပျော်ဖွယ်ရှိလှတဲ့မိသားစုရဲ့ နွေးထွေးမှုက သူမလေးအဖို့ အိပ်မက် မက်နေရသလိုပင်။

“ဒေါ်လုံးရေ....ဒေါ်လုံး”

“ရှင်....မမ”

ထူးသံနှင့်တစ်ဆက်တည်းမှာပင် စောစောက မိန်းမဂဂကြီးပေါ်လာပြန်သည်။

“သမီးကို ရေချိုးသန့်စင်ပေးလိုက်ပါဦး။ သမီးအတွက် အခန်းကိုတော့ သားနဲ့ကပ်လျက် အခန်းလွတ်ကို ရှင်းလင်းထားလိုက်။ ဟုတ်ပြီလား...”

“ဟုတ်ကဲ့မမ....”

“ဩော်...သမီးရဲ့ဆံပင်လေးတွေက ပေပွနေတယ်။ သေသေချာချာလေး လျှော်ထားလိုက်။ ပြီးရင် ဒရိုက်ဘာနဲ့သေချာလေးဆွဲ၊ အအေးလည်းမိနေဦးမယ်။ သိပ်လည်းဇိမ်ဆွဲမနေနဲ့ဦး”

“ဟုတ်ကဲ့မမ”

“ကဲ...သမီးလေး၊ ဒေါ်လုံးနောက်ကိုလိုက်သွားနော်”

“ဟုတ်ကဲ့မေမေ”

"ဟယ် လိမ်မာလိုက်တာ"

ပါးမို့မို့လေးကို ဖြည်းဖြည်းလေးဖိညှစ်လိုက်သည်။

"စံရယ်...ဒီလောက်စိတ်မချဖြစ်နေသည်။ ကိုယ်တိုင်ပဲလုပ်လိုက်ပါလား"

ဟုဦးခန့်သော်က အရွှန်းဖောက်လျှင်....

"အဲဒီ လိုလုပ်လို့မရသေးဘူးရှင့်၊ အမြန်ဆုံးဈေးဝယ်ပြေးရဦးမယ်"

"ကိုယ်အတွက် စားစရာစီစဉ်ပေးမလို့လား။ ရတယ်...အိမ်မှာရှိတာနဲ့ပဲ အဆင်ပြေပါတယ်"

"အဲဒီ အဖေကြီးဟာလေ။ သိရက်နဲ့ ကပ်ရွဲ့ပြန်ပြီ။ သမီးအတွက်အဝတ်အစား သွားဝယ်မလို့ရှင်၊ တော်ကြာနေ ရှင့်သမီးအသစ်စက်စက်က အအေးမိ နေဦးမယ်။ အရောင်အသွေးစုံစုံလေးတွေရွေးမှာမို့ နည်းနည်းကြာလိမ့်မယ်"

"ကလေးပဲဟာ"

"အဲဒီ အဖေကြီးဟာလေ ထပ်ရွဲ့ပြန်ပြီ။ သားကအလုကြိုက်တယ်မဟုတ်လား။ သမီးလေးက လှနေမှ၊ နို့မဟုတ်ရင် သားကနှာခေါင်းရှုံ့နေလိမ့်မယ်"

"ဩော်....သားကြောင့်ပေါ့လေ။ စံဝယ်ပေးချင်လွန်းလို့တော့မဟုတ်ဘူးပေါ့"

"အဲဒီ အဖေကြီးဟာ ဘာမှန်းမသိဘူး"

ပြုံးပြီး ကြည်စယ်နေကြသော မိဘနှစ်ပါးကြောင့် တည်ကြည်မှုန်ကုပ်နေသော မူးရဲ့မျက်နှာကြောလေးမှာ အနည်းငယ်ပြေလျော့လာရသည်။

“ကဲ....ကိုရေ စံတော့ အချိန်ရှိတုန်းပြေးလိုက်ဦးမယ်”

“မြင်ယောင်ပါသေးတယ်ကွာ။ ငါ့မိန်းမတော့ ဒီသမီးတစ်ယောက်နဲ့ သိပ်ကိုအလုပ်ရှုပ်ဦး တော့မယ်”

ဦးခန့်သော်က မူးရဲ့ပခုံးကိုဖက်ပြီး အော်နောက်လိုက်ပေမယ့်လည်း ထွက်ခွာသွားသော ဒေါ်ရောစံရဲ့ကျောပြင်က ပြုံးနေသယောင်။

သေချာသည်။ “မူးရိပ်မြုံ”က သာယာပျော်ရွှင်မှုအတိနှင့် ဝေဆာလှပလာပါဦးလိမ့်မည်။

*

## အခန်း (၂)

ဖူးဖူးမျက်လုံးဖွင့်လိုက်တာနှင့် ဖြူလွလွမျက်နှာကျက်ကိုတွေ့လိုက်ရ၍ သူမရဲ့ ဘဂသစ်ပါ လားဆိုတာ နားလည်လိုက်သည်။

အရင်ကဆို မျက်လုံးနှစ်လုံးဖွင့်လိုက်သည်နှင့် မြင်နေရသည်က ရှုပ်ယှက်ခတ်နေသော ပင့်ကူမျှင်တွေနှင့်အတူ ကြပ်ခိုးမီးကြောင့် မဲတူးနေတဲ့ ဝါးလုံးတန်းအမိုးလေးတွေပဲ မြင်နေရတာ ပါ။ အခုတော့ တခြားတနားပြောင်းလဲသွားသော စမတ်ကျကျမြင်ကွင်းကြောင့် အထူးပင် စိတ်ကြည် လင်သွားမိသည်။

အိစက်ညက်ညောတဲ့အိပ်ရာအိအိရဲ့ အထိအတွေ့ကြောင့်လည်း နိုးနေတာပင် ဖိမ်က ထပ်လိုချင်နေမိ၏ ။

ထိုစဉ် တံခါးခေါက်သံက ထွက်ပေါ်လာခဲ့သည်။ သူမလေးမျက်စိကိုပြန်မှိတ်ပြီး အိပ်ချင်ယောင်ဆောင်နေလိုက်သည်။ တံခါးခေါက်သံက ငြိမ်ကျသွားပြီးမှ အသာအယာတံခါး တွန်းသံကို ကြားလိုက်ရသည်။ ပြီးနောက် သူမလေးရဲ့ခုတင်နား တိုးကပ်လာတဲ့ခြေသံဖော့ဖော့။ ခြေသံက သူမဘေးနားရပ်သွားပြီး ငြိမ်သွားသည်။ သူမပခုံးနားလေးကို ဆတ်ခနဲပုတ်ချလိုက်ပါ တော့သည်။

သူမရင်ထဲ ထိတ်ခနဲလန့်သွားဂသည်။ သို့သော်မျက်ဝန်းတွေကိုတော့ ပိတ်ထားဆဲ။

“ဟိတ် ထတော့ မေမေနှိုးခိုင်းလိုက်တာ”

ကိုကိုပါလားဆိုတဲ့အသိကြောင့် မဖွင့်ချင်ဖွင့်ချင်မျက်ဝန်းလေးများကို

ဖျစ်ညှစ်ပြူးဖွင့် လိုက်သည်။

“သိပ်အိပ်ရေးပုတ်တာပဲ”

“အစောကြီးရှိသေးတာကို”

“ထတော့ မျက်နှာသစ်၊ အောက်ထပ်မှာ မေမေနဲ့ဖေဖေ ကော်ဖီသောက်ဖို့စောင့်နေတယ်”

ကော်ဖီဆိုတာကို ကြားဖူးနေပေမယ့် သူမ မသိပါ။

“အင်း....ကော်ဖီ”

“ဘယ်လိုအရသာမျိုးလဲဟင်”

“ခါးတယ်၊ ချိုတယ်၊ သိပ်ကောင်းတယ်”

“ဖူးဖူးလည်းသောက်ကြည့်မယ်”

“နင်ကော်ဖီမသောက်ဖူးဘူးလား၊ သိပ်အတာပဲ။ ပြီးတော့ တောဆန်တယ်။ ညစ်ပေတယ်၊ အခုတော့ သန့်ရှင်းသွားပါပြီ။ ဟို့နေ့ကဆို နင့်ကို စကားပြောချင်စိတ်တောင်မရှိဘူး။ နံဟောင်နေ တာပဲ။ နင်အမြဲအဲဒီ လို ညစ်ပေပေပဲနေခဲ့တာလား”

သူမလေး ဘာမှထပ်မဆိုနိုင်ပါ။ မျက်လုံးဝိုင်းဝိုင်းလေးနှင့်သာ မူးကိုပြူးကြည့်နေမိသည်။

“နင့်မျက်လုံးကလည်း ပြူးနေတာပဲ။ သွား....သွား မျက်နှာသွားသစ်၊ ညစ်ပေတယ်... ရေပါချိုးခဲ့။ အဲဒါမှ သန့်ရှင်းတာ”

“အဲဒါဆို ကိုကိုက တည့်မှာလား”

“နင်သန့်ရှင်းရင်တော့ တည့်မယ်လေ”

“အဲဒါဆိုဖူးဖူး၊ ခုပဲရေချိုးလိုက်တော့မယ်”

“ကောင်းတယ်”

“အဲဒါဖူးဖူးက ရေဘယ်မှာချိုးရမှာလဲ”

“ဟုတ်တယ် နင်ကတောသူပဲ။ ဘယ်သိမလဲ လာခဲ့....ပြပေးမယ်”

ဟုဆိုကာ သူမလေးရဲ့ လက်ကိုဆွဲခေါ်ကာ တံခါးရွက်လေးတစ်ခုကိုဖွင့်လိုက်သည်။ ပစ္စည်းကိရိယာတွေ များပြားလှတဲ့အခန်းငယ်လေးတစ်ခုပါ။

“ဒီဟာလေးကိုလှည့်လိုက်ရင် ရေကျလာမယ်။ အဲဒါဆိုရေချိုးလို့ရပြီ။ ဒီမှာက တစ်ဘက် ရေချိုးပြီးရင် သုတ်၊ ဒီဟာက ဆပ်ပြာ၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ရတယ်နော်...ဒီဟာက အိမ် သာ”

“အိမ်သာ...”

“အင်း...အိမ်သာလေ”

“မြို့ပေါ်က အိမ်သာက ထူးဆန်းတယ်နော်။ နံလည်းမနံဘူး။ မွှေးကြိုင်နေတာပဲ”

“အရူးမလေး....တောဆန်တယ်”

“ဒီအိမ်သာကြီးကို ဖူးဖူးက ဘယ်လိုသုံးရမှာလဲ”

“သိပ်အတာပဲ၊ ဒီမှာထိုင်လိုက်ရင် အဆင်ပြေရော။ ကိစ္စပြီးရင် ဒီအတက်လေးကို နှိပ်လိုက်၊ အဲဒီ ဆို အညစ်အကြေးတွေက အကုန်ကျသွားပြီ အဆင်ပြေသွားလိမ့်မယ်။ ရပြီလား”

“ရပြီ”

“ဟော့ ရေချိုးရင် တံခါးပိတ်ပြီးရေချိုးရတယ်နော်။ နင်ဝတ်ဖို့အဝတ်အစားကို ရွေးစပြီး ခုတင်ပေါ်တင်ထားခဲ့မယ်။

မြန်မြန်ဝတ်ပြီးဆင်းလာခဲ့နော်”

“ဟုတ်”

*

သူမရေချိုးခန်းထဲက ထွက်လာချိန်မှာတော့ အခန်းထဲမှာ မှူးရှိမနေတော့ပါ။ ခုတင်ထက်မှာ အဆင်သင့်စောင့်မျှော်နေသော ဂါဝန်ဖြူဖြူလေးကြောင့် သူမရင်ထဲ နတ်သမီးလေးလိုခံစားနေမိ ပါသည်။

ဂါဝန်လှလှလေးကိုဝတ်ပြီး မှန်ရှေ့မှာပြေးပြီးဂုပ်ကြည့်လိုက်တော့ သူမကိုယ်သူမ ဖူးဖူးဆို တာပင်မေ့သွားချင်လောက်အောင် လှပနေခဲ့ပါသည်။

သူမလေးက သိပ်ပြောင်းလဲသွားသော သူမအလှကိုယိမ်း၍ လှေကားအတိုင်းဆင်းလာခဲ့ရာ…

“ဟယ် ကိုကြည့်စမ်းပါဦး၊ သမီးလေးက အရုပ်ကလေးအတိုင်းပဲ ချစ်စရာကောင်းလိုက်တာ၊ လာ…သမီးလေး…လာ သမီးကိုကိုနားမှာထိုင်”

ဟုဆိုသဖြင့် သူမက ဝံ့ဝံ့ကြွားကြွားပင် မှူးဘေးက ခုံလွတ်မှာ ဝင်ထိုင်လိုက်သည်။

“ကိုရယ်… သိပ်ကျေးဇူးတင်တာပဲ။ အခုမှပဲ စံရဲ့ဘဝက ပြည့်စုံသွားတော့တယ်”

ဦးခန့်သော်ကတော့ ဇနီးချောကိုသိပ်ချစ်သူပီပီ ပီတိပြုံးကြီးနှင့်သာ။

“မေမေ သားကျောင်းသွားတော့မယ်”

“ဟုတ်ပ့ါ….သားမေမေရဲ့ ပီတိကမ္ဘာထဲမျောရတာ နဲ့ ဖေဖေတို့ ကိုယ့်ကိစ္စကိုယ် မေ့ကုန်ကြပြီ”

“ဟင် ဖေဖေနဲ့ကိုကိုက အိမ်မှာမနေကြဘူးလား”

မသိနားမလည်တဲ့သူမအပြောကြောင့် အားလုံးပြုံးမိသွားကြ၏ ။

"သမီးကိုကိုနဲ့ဖေဖေက အပြင်ကိုသွားကြမှာ သမီးရဲ့။ အိမ်မှာ သမီးနဲ့မေမေပဲ ကျန်ရစ်ခဲ့ မှာ။ နောက်နှစ်ဆို သမီးပါ ကျောင်းနေရင် မေမေတစ်ယောက်တည်း အိမ်မှာကျန်ရစ်ခဲ့တော့မှာ"

"ဒါဆို ဖူးဖူးကျောင်းမနေတော့ဘူးလေ"

"မနေလို့မရဘူးသမီးရဲ့၊ သမီးက ဆရာဝန်မကြီးလုပ်လေ"

"ဒါဆို မေမေတစ်ယောက်တည်း ပျင်းနေမှာပေါ့"

"လိမ်မာလိုက်တာ၊ မေမေကတော့ သမီးလေးကို အသည်းပေါက်မတတ် ချစ်ရတော့မယ်"

မေမေက သူမကိုဆိုသိပ်ကြင်နာပါသည်။ သူမကလည်း မေမေ့ကို သိပ်ချစ်ပါသည်။ မနက်တိုင်းကိုကိုနဲ့ဖေဖေက အိမ်မှထွက်သွားကြသလို ညနေပိုင်းမှ အတူတူပြန်လာတတ်ကြသည်။

ပြန်လာတိုင်းကိုကိုက သူမ မစားဖူးတာများ ပါလာတတ်သလို ဖေဖေကလည်း သူမအတွက် တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်အောင် ဝယ်လာတတ်သည်။

ကြာလာတော့ ဖေဖေ၊ မေမေနှင့် ကိုကိုတို့ပေးတဲ့လက်ဆောင်များက သူမအခန်း တစ်ခန်းလုံး ပြည့်လုနီးပါးဖြစ်လာခဲ့တော့သည်။ သူမသိပ်ပျော်ရွှင်ပါသည်။ အားလုံးက သူမကိုကြင်နာပြီး ချစ်ကြလို့လေ။

ကိုကိုကဆို သူမကိုတွေ့စကလို မှုန်ကုပ်မနေတော့ဘဲ သူမကိုမြင်တာနဲ့ သွားစွယ်လေးများပေါ်အောင် ရယ်ပြတတ်လာပါသည်။ ကျောင်းကပြန်လာလို့ သူမကိုမတွေ့ရင် လည်း "ညီမလေး...ညီမလေး"ဟု ဆူညံစွာအော်ပြီး ရှာနေတတ်ပါပြီ။

သူမသိပ်ပျော်ရွှင်ပါသည်။

ကိုကိုပလိုအစ်ကိုတစ်ယောက်ကောက်ရလိုက်လို့လေ။ အခုတော့ သူမကိုသိပ်ချစ်ကြသော သူတွေကြားမှာ သူမက လိုတရမင်းသမီးလေးလို ဆိုးတတ်နွဲ့ တတ်လာပါသည်။

ကိုကိုနဲ့ဖေဖေ ပြန်ချိန်ဆိုလျှင် ဆိုးနွဲ့မှုကပ်နေတဲ့သူမရဲ့ အသံစာစာက တစ်အိမ်လုံးဆူညံ့ သွားတော့သည်။ ဒါကို အပြုံးပွင့်ကြီးတွေနဲ့ နွေးနွေးထွေးထွေးခံယူနေကြတာတော့ ဖေဖေ၊ မေမေနှင့် ကိုကိုတို့ပါ။

ဒါကြောင့်ပင် သူမက လူဆိုးမလေးလုံးလုံး ဖြစ်မှန်းမသိဖြစ်လာပါတော့သည်။ ညညတွေဆို မေမေက သူမကို သီချင်းဆိုသိပ်မည်။ မနက်ဘက်ဆို ကိုကိုက သူမကို လာနှိုးမည်။

ဒီလိုနဲ့ အနေကြာလာခဲ့တာ တစ်နှစ်ဆိုသောအချိန်ကာလမှ ခဏလေးရယ်ပါ။ တစ်နှစ်ဆို ပေမယ့် သံယောဇဉ်တွေက ကြီးထွားရင့်မာလို့ လာခဲ့ပါသည်။

တစ်နှစ်ကုန်ဆုံးသွားတော့ သူမလေးက ဖေဖေ၊ ကိုကိုတို့နှင့်အတူ မနက်ဘက်ဆို အပြင် သွားရပြန်သည်။ ထိုအချိန်တွေမှာဆို အိမ်မှာမေမေတစ်ယောက်တည်း ကျန်ရစ်ထားခဲ့တာကြောင့် စိတ်မကောင်းဖြစ် ခဲ့ရပါသည်။

သို့သော်မေမေက သူမကို ဆရာဝန်မကြီးလုပ်ရမယ်တဲ့လေ။ သူမကြိုးစားရမှာပေါ့။ ဒါမှ သူမက မေမေ့ကိုချစ်တာလေ။ အဲဒီ လိုတွေးလိုက်တော့ မေမေတစ်ယောက်တည်း ကျန်ရစ်ခဲ့တာကို သိပ်ဂမ်းမနည်းဖြစ်တော့။

ဒီမိသားစုမှာ သူမက သိပ်ပျော်ရွှင်စွာခံစားခဲ့ရပေမယ့် ထူးခြားပြီး ပိုပျော်သော နေ့မှာ မိသားစုလိုက် အပန်းဖြေခရီးထွက်တဲ့အချိန်တွေပါပဲ။ သူမနဲ့ကိုကိုက မြက်ခင်းပြင်ပေါ်မှာ ဆော့ မည်။ ဖေဖေနဲ့မေမေက သူမတို့ကိုကြည့်ပြီးရယ်မည်။

သူမလေးဘဝမှာ ထိုအချိန်တွေလောက် ပျော်ရွှင်ခဲ့ရတာ မရှိခဲ့ဘူး။ ပျော်ရွှင်ခြင်းက အချိန် ကာလကို တိုတောင်းစေတတ်တယ်ဆိုတာ သိပ်မှန်ကန်ပါသည်။

အချိန်တွေက ပျော်ရွှင်မှုတွေကြားထဲ ကုန်မှန်းမသိ ကုန်ဆုံးသွားခဲ့ရာ သူမလေး စတုတ္ထတန်း သို့ရောက်သောနှစ်မှာပဲ စိတ်ထိခိုက်စရာကိစ္စတစ်ခုနှင့်ကြုံရပါသည်။

ထိုဝမ်းနည်းစရာကိစ္စလေးက သူမဘဝကိုပြောင်းလဲပစ်တော့မှာလား...။ ဒါကိုဘယ်သူမှမ သိသေးခင်မှာပင် ကံကြမ္မာက မွှေနှောက်သွားခဲ့ပါသည်။

ထိုနေ့က ကိုကိုက ဖူးဖူးကိုဝင်နှိုးကာ ကျောင်းသွားဖို့တစ်ခါတည်းပြင်ဆင်ပေးပြီး ကျောင်းဝတ်စုံကိုယ်စီဝတ်ကာ အတူတူဆင်းခဲ့ကြသည်။

စားပွဲဝိုင်းမှာ မေမေ့ကိုရော ဖေဖေ့ကိုရောမတွေ့ပါ။ ဖေဖေက ခရီးသွားနေတာမို့ မတွေ့ခြင်း ဖြစ်သည်။ ဒါဆိုမေမေရော....

"ဒေါ်လုံး မေမေရော....ဈေးသွားနေတာလား"

"မဟုတ်ဘူး မူး မနက်ကတည်းက ဆင်းမလာသေးတာ"

"မေမေနေမကောင်းဖြစ်နေလားမသိဘူး"

"အင်း...ဟုတ်မယ်ကိုကို မေမေ မနေကပဲ ခေါင်းမူးတယ် ပြောလို့ ဖူးဖူးတောင် သံပရာရည်ဖျော်ပေးလိုက်သေးတာ"

"သိပ်အရသာရှိတယ်လို့ မေမေက မပြောဘူးလား"

"ချဉ်တယ်တဲ့....ကောင်းတယ်တဲ့"

မူးက ဖူးဖူးရဲ့ခေါင်းကိုပုတ်ကာ ပြုံးစိစိလေးလုပ်လိုက်သည်။

“မေမေ နေမကောင်းများဖြစ်နေသလားမသိဘူး”

ဟုဆိုကာ မူးက လှေကားအတိုင်း ပြန်ပြေးတတ်သွားတော့ ဖူးဖူးပါ မေမေ့ကို စိတ်ပူမိ၍ နောက်မှလိုက်၍ ပြေးတက်လိုက်သည်။

“ကိုကို…မေမေက အိပ်ရေးပုပ်လာပြီနော်။ ခုထိမထသေးဘူး”

“ခါတိုင်း မေမေက ဒီလိုအိမ်တွေမရှိပါဘူး”

ဟု တွေးတွေးဝေဝေလေးပြောကာ…..

“မေမေ----မေမေ အိပ်ပျော်နေလား”

ဆက်တိုက်ခေါ်မေးလိုက်ပေမယ့် တုန့်ပြန်သံက ထွက်ပေါ်မလာ။

“မေမေ….”

သို့သော်တုန့်ပြန်သော တိတ်ဆိတ်လျက် ဆဋ္ဌမတန်းအရွယ်ရှိနေပြီဖြစ်တဲ့မူးက တိတ်ဆိတ် ခြင်းကို သံသယဝင်တားကာ အမေ့ခုတင်နား ကပ်သွားပြီး မေမေ့ပခုံးကို လှုပ်လိုက်သည်။

“မေမေ…..”

ဒါပေမဲ့ မေမေက မတုံးခဲ့ပါ။

ထူးဆန်းမှုကြီးကြောင့် မူးက ကြောက်လန့်သွားပြီး…..

“ဒေါ်လုံးရေ….ဒေါ်လုံးထားပါဦး မေမေ့ကိုခေါ်လို့မရတော့ဘူး”

ကိုကိုက ငိုသံပါကြီးနှင့် ဆူညံနေအောင် အော်ခေါ်နေသည်။

ခဏအကြာမှာ တဘုန်းဘုန်းနှင့်ပြေးတက်လာသော ဒေါ်လုံးရဲ့ ခြေသံကို ဖူးဖူးကြားလိုက်ရ သည်။ သူမလေးက မလှုပ်မယှက် ခုတင်ပေါ်မှာ အိပ်ပျော်နေသော မေမေ့ကို နားမလည်နိုင်စွာ ကြည့်ပြီး စောင်ထဲမှ မေမေ့လက်ကလေးကို ဆွဲကိုင်လိုက်သည်တွင် အေးစက်တောင့်ခဲနေသော အထိအတွေ့ကြောင့်

တုန်လှုပ်သွားရသည်။

ထိုစဉ် ပြေးတက်လာသောဒေါ်လုံးက မေမေ့နားရပ်ကာ ဟိုစမ်း ဒီစမ်းလုပ်ပြီး....

"မူး....ဖူးဖူး ကလေးတို့အမေ အသက်မရှိတော့ဘူး"

ဒေါ်လုံးရဲ့ ထိုစကားသံက ကူကယ်ရာမဲ့ ကမ္ဘာအပြင်ဘက်ရောက်ရှိသွားသလိုပင် လေဟာ နယ်ထဲ ကျွမ်းထိုးမှောက်ခုံဖြစ်သွားရသည်။

"မဟုတ်ဘူး....မဟုတ်သေးဘူး။ မနေ့ညကပဲ မေမေက သားတို့နဲ့စကားပြောနေသေးတာ။ မဟုတ်ပါဘူး....ဒေါ်လုံးမှားနေပြီ။ သေချာကြည့်ပါဦး....ဒေါ်လုံး မေမေ့ကိုချီပြီး ဆေးရုံကိုခေါ်သွားရအောင်။ အဲဒါဆို အသက်ရှင်နိုင်သေးတယ်။ မပါ ဒေါ်လုံး"

"ကလေး...မူး၊ သားမေမေက တကယ်အသက်မရှိတော့တာပါ။ ဒေါ်လုံးပြောတာကို ယုံပါ ကွယ်။ အေးစက်နေပြီလေ။ သားရဲ့မေမေ အသက်မရှင်နိုင်တော့တာကို သားသိပါတယ်။ လက်ခံ လိုက်ပါကွယ်....နော်...သား"

ထိုအခါမှာတော့ ဝိညာဉ်မဲ့နေသော မေမေ့ရဲ့ ခန္ဓာကိုဖက်ပြီး မူးကျူကျူပါအောင် ငိုရှိုက်မိ လိုက်ပါတော့သည်။

ကိုကိုရဲ့ငိုရှိုက်သံကို နားထဲက ကြားနေပေမယ့် ကိုကို့ပုံရိပ်ကို သူမ မမြင်နိုင်တော့။ အသက်မရှိတော့ဘူးဆိုတော့ မေမေသေသွားတာပေါ့နော်။ အခုလို အသာ းတွေ အေးစက်သွား ရင် အဲဒီ လူကို နောက်ထပ် ကမ္ဘာပေါ်မှာ မတွေ့ရတော့ဘူးပေါ့နော်။

ဘာကြောင့်လဲ....ဘာကြောင့်မေမေသေရတာ လဲ။

သူမလေး ချစ်တဲ့လူတွေချည်းပဲ ဘာကြောင့်ရွေးပြီး သေနေရတာ လဲ။

အဖြူရောင်အဝတ်စကြီးအောက်မှာ ငြိမ်သက်နေတဲ့မွေးမေမေ။ ဒေါ်တွယ်လေး…

သူမလေးကို မျက်လုံးပြူးကြီးနှင့်စိုက်ကြည့်ပြီး အေးစက်သွားတဲ့ ဖေဖေဦးဘမောင်….

အခုတော့ အေးစက်နေတဲ့ မေမေ ဒေါ်ရောစံ…..

ဘာကြောင့် တစ်ယောက်ပြီးတစ်ယောက် ခွဲခွာသွားကြတာလဲ။

“မသွားပါနဲ့ ….. မေမေက ပျောက်သွားပြန်တော့မှာပေါ့။ မေမေရော ….. ဖူးဖူးကိုမတွေ့အောင် ပုန်းနေဦးမှာလား။ မပုန်းပါနဲ့ မေမေရယ်။ ဖူးဖူးကြောက်တယ် …. ကြောက်တယ်”

“ညီမလေး…..ညီမလေး”

“ဖူးဖူး သမီးလေးဖူးဖူး”

အသံတွေ အဝေးဆုံးမှာ ကျန်ရစ်ခဲ့တော့သည်။

*

## အခန်း (၃)

ဖူးဖူးသတိရလာတော့ ဖူးဖူးဘေးမှာ ကိုကိုရော၊ ဖေဖေပါရောက်ရှိနေကြသည်။

"မေမေရော....ဟင်"

"ညီမလေးဖူးဖူး မေမေက မရှိတော့ဘူးလေ။ အေးစက်သွားပြီ"

"ဖေဖေ ... ဖူးဖူးအိပ်မက်မက်နေခဲ့တာ မဟုတ်လားဟင်၊ ဖူးဖူးက အိပ်မက် မက်တတ် တယ်လေ။ အိပ် မက်မဟုတ်လား"

"အိပ်မက်မဟုတ်ဘူးသမီး၊ သမီးရဲ့မေမေက အမှန်တကယ်မရှိတော့ထားပါ"

"ဟင့်အင်း...မဟုတ်ဘူး၊ မေမေရှိတယ်။ မေမေအေးစက်သွားရင် ဖူးဖူးထမင်းငတ်လိမ့်မယ်။ စောစောကတင်ပဲ ဖူးဖူးအစာစားထားသေးတာ၊ မေမေရှိပါသေးတယ်"

မျက်ရည်လေးတစမ်းတဝါးဝါးနှင့် ဆောက်တည်ရာမဲ့နေသော ဖူးဖူးရဲ့ စကားလုံးတွေက ဦးခန့်သော်ရင်ကို နှစ်ခြမ်းကွဲနာကျင်စေပါသည်။ သနားစရာကောင်းလိုက်တဲ့ သမီးလေးရယ်။ ဒီ လောက်ဆို ဦးခန့်သော် သဘောပေါက်လိုက်မိသည်။

လူတစ်ယောက်ဆုံးပါးသွားပြီးတိုင်း ဒုက္ခလှလှကြီးခံစားခဲ့ရတဲ့သမီးရဲ့ဘဝကို ကြင်နာမိသွား သည်။ ငယ်ရွယ်သေးတဲ့ သမီးရဲ့ရင်ထဲမှာ ထိုကိစ္စရပ်တွေက ဒဏ်ရာဒဏ်ချက်တွေဖြစ်နေရပြီ ထင်ပါရဲ့။

မျက်ဝန်းအိမ်မှ အရည်ကြည်တို့ ဆက်တိုက်လျှံကျနေသည်ကို ဦးခန့်သော် လက်ဖမိုးနှင့် ယုယစွာ သုတ်ပေးရင်း.....

"သမီးလေး သေချာနားထောင်နော်။ ဟိုးတုန်းက သမီးမှာ ကိုကိုမရှိဘူး။ အခုသမီးမှာ ကိုကိုရှိတယ်။ သမီးကိုကိုမှူးကို မချစ်ဘူးလား"

"ချစ်ပါတယ်ဖေဖေ"

"သမီးက ကိုကို့ကိုချစ်ရင် အဲဒီ လိုမငိုရဘူးလေ။ သမီးက အဲဒီ လိုငိုရင် ကိုကိုက ဝမ်းနည်းမှာ ပေါ့။ သမီးကြောင့် ကိုကို ဝမ်းနည်းမှာကို သမီးပျော်လား"

"ဟင့်အင်း"

"အဲဒါဆို မငိုရဘူးနော်။ သမီးလေး"

"ဟုတ်"

"ငါ့သမီးက လိမ္မာလိုက်တာ။ သမီးကို ဖေဖေက သိတတ်တဲ့ ကလေးဖြစ်စေချင်တာ။ မေမေက လောကကြီးမှာ မရှိတော့ဘူးဆိုတာ အမှန်တရားပဲ။ ဒါကို သမီးက လက်ခံနိုင်ရမယ်။ သမီးမှာ မေမေမရှိတော့ပေမယ့် ကိုကိုနဲ့ဖေဖေ ကျန်သေးတာပဲ"

ထိုအခါကျပြန်တော့ သမီးရဲ့မျက်ဝန်းတွေက မှုမှန်လာပြန်သည်။ သမီးရဲ့စိတ်ကို အတိတ် ထဲမှ ဆွဲထုတ်နိုင်ခဲ့ပြီမို့ ဦးခန့်သော် သက်ပြင်းချမိလိုက်သည်။

မှန်သည်။ သမီးရဲ့မျက်ဝန်းတွေက လတ်ဆတ်နိုးကြားလာခဲ့ရပါသည်။ ဒီအခါကျမှ ဦးခန့် သော်က ချောင်းတစ်ချက်ဟန့်ကာ....

"သားနဲ့သမီးကို ဖေဖေပြောစရာရှိတယ်။ သားတို့မေမေမရှိတော့ဘူးဆိုတော့ သားနဲ့သမီး လာလျှင် ဖေဖေ့ရဲ့အရင်းနှီးဆုံးအဖော်ပဲ။ ဒါကြောင့် သားနဲ့သမီးက

ငယ်ပါသေးတယ်ဆိုပေမယ့် သားကိုရော သမီးကိုရော ဖေဖေက လူကြီးတစ်ယောက်လို စမတ်ကျကျနေထိုင်သွားစေချင်တယ်။ ရင်ထဲမှာ ခံစားနေရရင်လည်း ခံစားချက်ကို အလုံခြုံဆုံးသို့ ပွက်သိမ်းဆည်းနိုင်ရမယ်။ ချုံးပွဲချငို ရှိုက်မိခဲ့ရင်တောင် အဲဒီ ခံစားချက်ကို လူပုံအလယ်မှာ မဖော်ပြရဘူး။ အဲဒါမှ လူကြီးဖြစ်လာတဲ့အချိန် မှာ ဂုဏ်သရေရှိ အမျိုးသားအမျိုးသမီးဖြစ်နိုင်မယ်။ ဖေဖေပြောတာကို သဘောပေါက်ပါတယ် နော်”

“ဟုတ်ကဲ့”

အနည်းငယ် တည်ငြိမ်နေတဲ့ ကလေးနှစ်ယောက်ရဲ့ ပြိုင်တူလွှတ်ဆိုသံကြောင့် သူ့ရင်ထဲမောပမ်းသွားရပေမယ့်....

“မနက်ဖြန် သားတို့မေမေကို မီးသဂြိုဟ်လိမ့်မယ်။ မေမေ့ကို နောက်ဆုံးအနေနဲ့ တွေ့ရမှာမို့ ကန်တော့ကြပါ။ သိပ်ပြောချင်ခဲ့ပြီး မပြောဖြစ်ခဲ့တဲ့စကားလုံးကိုလည်း ပြောနိုင်တယ်။ အဲဒါမှ သားနဲ့သမီးတို့စိတ်ထဲရှင်းသွားမယ်။ ကဲ....သားတို့လည်း စိတ်ပင်ပန်းရောပေ့ါ။ နားကြတော့ ဖေဖေစီစဉ်စရာရှိတာ စီစဉ်ရဦးမယ်။ ဟုတ်လား”

“ဟုတ်ကဲ့”

သူမသိနေပါသည်။ ဖေဖေသိပ်ဝမ်းနည်းနေမှာကိုပေ့ါ။ ဖေဖေ့ရဲ့ ခြေလှမ်းတွေက နှေးကွေး လေးလံနေလို့ပါ။ ဖေဖေအခန်းထဲမှထွက်သွားပြီးတော့ ကိုကိုက သူမကိုပွေ့ဖက်ထားပါသည်။

သူမ ကိုကို့ကို မော့ကြည့်ချင်ပေမယ့်လည်း မော့ကြည့်လို့မရခဲ့ပါ။

“ကိုကို....”

ကိုကိုက သူမဦးခေါင်းပေါ် မေးဖျားလေး တင်ထားပါသည်။ လက်ဖမိုးပေါ်ကျလာတဲ့ အစက်အပြောက်လေးတွေကြောင့်

ကိုကိုငိုနေပါတယ်ဆိုတာ သိပေမယ့်လည်း ကိုကို့ကိုမော့ကြည့် ခွင့်မရခဲ့ပါ။

ကိုကိုရယ်....ဘာဖြစ်လို့ ကိုကို့မျက်ရည်တွေကို ဖူးဖူးကိုမတွေ့စေချင်ရတာ လဲ။

*

# အခန်း (၄)

အခုတော့ ဖူးဖူးအိပ်ရာဝင်တိုင်း မေမေ့ကိုယ်စား ကိုကိုက နေရာယူပြီး သီချင်းဆိုပြပေးတာ ကြောင့် သူမဘဂ ထူးပြီး အထီးကျန်ဆန်မနေခဲ့ပါ။

ကိုကို့ကို သိပ်ကျေးဇူးတင်ပါသည်။ သူမအနားမှာ အဖော်အဖြစ် အမြဲရှိနေခဲ့လိုပေ့ါ။ မေမေ မရှိတော့ပေမယ့် မေမေရှိနေတုန်းကတွေလိုပင် မိသားစုမှ စည်းစည်းလုံးလုံး။

ဖေဖေ၊ ကိုကိုတို့က အတူတူထွက်သွားကြသည်။ လက်ပြနှုတ်ဆက်မယ့် မေမေမရှိတော့ တာကလွဲလို့ ကျန်တာတွေအားလုံးပုံမှန်ပင်။

ထိုအချိန်မျိုးမှာ မေမေ့ကို ထူးပြီးပြင်းပြစွာ သတိရတတ်ပေမယ့် ခံစားချက်ကို မြိုသိပ်ဖုံး ကွယ်ထားရသည်။ ဒါသူမတစ်ယောက်တည်း နာကျင်ခံစားနေရတာ မှ မဟုတ်တာ။ ဖေဖေနဲ့ကိုကို လည်း သူမထက်မလျော့တဲ့ ခံစားချက်မျိုးနှင့် နာကျင်နေရမှာမလွဲပင်။

သူမကကြီးလာရင် အမျိုးသမီးကောင်းတစ်ယောက်ဖြစ်ချင်မိ၍ နှုတ်ခမ်းတွေက ပြုံးရိပ် ကိုဆင်မြန်းထားခဲ့သည်။ အိမ်ပြန်ရောက်လာလျှင်လည်း ဖေဖေ့ကို ရေတစ်ခွက်ခပ်တိုက်တတ်တဲ့ မေမေ့ရဲ့ အလေ့အကျင့်ကို သူမကပဲ လွှဲပြောင်းယူခဲ့ပြန်ပါသည်။

ထိုအခါမျိုးမှာ ဖေဖေက သူမကို ကြင်နာစွာပြုံးပြတတ်သည်။ ထိုအချိန်မှာ ကိုကိုက သူမကို ကြည့်စယ်တတ်သည်က သူ့ကို လည်းရေခပ်တိုက်ရမယ်တဲ့လေ။ သူမက ရေခပ်တိုက်လျှင် ကိုကို က ဆုတွေတစ်သီကြီးပေးပါသည်။

“ငါ့ညီမလေး ရုပ်ချောပါစေ။ အဖုမပေါက်ပါစေနဲ့။ အဖုပေါက်ခဲ့ရင်လည်း ဝက်ခြံဖုလို သေးသေးလေးမပေါက်ပါစေနဲ့။ သွေးစုနာလို နဖူးမှာ အလုံးကြီးပေါက်ပါစေ”လို့ပေါ့။

ကိုကိုနောက်နေတာပါဆိုတာ သိပေမယ့်လည်း ကိုကို့ကျောကုန်းကို တဘုန်းဘုန်းထုရ တာ သူမမပျော်ပါသည်။

ဒီလိုနဲ့ မေမေရှိတော့တဲ့ဘဝမှာ သူမနေသားကျလာပြန်တော့ ကြမ္မာလှိုင်းက သူမကိုကြည့် စယ်ခဲ့ပြန်ပါသည်။

ထိုနေ့က မနက်ဖြန် ဘွားဘွားရောက်လာမည်ဟု တောင်ကြီးမှဖုန်းဝင်ပါသည်။

သူမ သိပ်တုန်လှုပ်ခဲ့ရသည်။

သူမကိုမနှစ်မြို့တဲ့ ဘွားဘွားမျက်နှာကဲကို ဖတ်တတ်နေ၍ ပါ။ ဘွားဘွားဆိုသူမှာ မေမေဒေါ် ရောစံ၏ မိခင်ဖြစ်သည်။ မေမေက သဘောထားဖြူစင်ပြီး တည်ငြိမ်အေးဆေးသလောက် ဘွား ဘွားက ထက်ထက်မြက်မြက်ရှိလှသည်။

အရေးကြီးတဲ့ကိစ္စနဲ့လာမယ်ဆိုတာလေးသာ သိနေပေမယ့် ဘာကိစ္စလဲဆိုတာ မသိရပေ။ ဖေဖေက ထိုသတင်းကြားသိရကတည်းက သူမတို့မောင်နှမကို ဘာစကားတစ်ခွန်းမှမဆိုနိုင် တော့ပါဘဲ တွေးတွေးငြိမ်သက်နေခဲ့ပါသည်။

ထူးခြားမှုအရိပ်အကဲကို ရှုရှိုက်မိနေပေမယ့်လည်း မဝံ့မရဲဖြစ်ခဲ့ရသည်။ ပြီးတော့ ဘွားဘွားရဲ့ မျက်ဝန်းကိုလည်း ကြောက်ပါသည်။ သူမကို စူးရဲစွာကြည့်တတ်လို့ပါ။ ခါတိုင်းဆို ထို မျက်ဝန်းတွေကို ပြေးပုန်းစရာမေမေ့ရင်ခွင် ရှိနေသေးသည်။ အခုတော့....

သူမက စိုးရိမ်ထိတ်လန့်နေပေမယ့်လည်း ဘွားဘွားက အမှန်တကယ်ရောက်ရှိလာခဲ့ပါ တော့သည်။ ဘွားဘွားနဲ့ကိုကိုက သွေးသားအရင်းကြီးတွေမို့ မတွေ့တာကြာလို့ အလွမ်းသယ် မဝေဖြစ်နေကြပေမယ့် သူမရင်ထဲမှာတော့ မွန်းကြပ်ရပါသည်။

အိမ်အောက်ထပ်မှာပဲနေ၍ ဘွားဘွားရှေ့မှာ ရှို့ရှို့ကျိုးကျိုးရပ်နေရမှာလား အပေါ်ထပ်ကိုပဲ ပြေးတက်ပြီး အခန်းထဲပုန်းအောင်းနေရမှာလား။ ဒီလောက်ကျယ်တဲ့အိမ်ကြီးထဲမှာ သူမအတွက် နေစရာနေရာမရှိနိုင်တော့ပြီ။

"ဖူးဖူး....ညီမလေး"

ရောက်တတ်ရာရာဖြစ်နေတဲ့သူမလေးက ကိုကို့ရဲ့အော်ခေါ်သံစူးစူးအောက်မှာ ခြေလှမ်း တို့မှားမှားယွင်းယွင်း။

"ဘယ်ပျောက်နေတာလဲ၊ ရှာလိုက်ရတာ "

"ဟို...ဟို...."

"ဘာမှတိုမနေနဲ့၊ ဘွားဘွားရောက်နေပြီ။ လာ.....ဘွားဘွားကို လာနှုတ်ဆက်ဦး ဘွားဘွား စိတ်ဆိုးနေလိမ့်မယ်"

တကယ်ပဲ ဖူးဖူးက ထွက်မနှုတ်ဆက်ရင် ဘွားဘွားက စိတ်ဆိုးမှာလား။

ကိုကိုဆွဲခေါ်၍ သာ လိုက်ပါခဲ့ရပေမယ့် သူမစိန်ို့ကိုယ် အတူတွဲပါမလာပါ။ ဘွားဘွား ရဲ့ အကြည့်စူးစူးများအောက်မှာ ဒူးများပင် ခွေညွတ်လဲကျသွားချင်မိ၏ ။

"ဘွား....ဘွား...မင်....မင်....မင်္ဂလာပါရှင့်"

သူမအရဲကိုးကာ နှုတ်ဆက်လိုက်သည်ကို ဘွားဘွားက အသိအမှတ်မပြုသည့်အပြင် မျက်နှာမဲ့သွားကာ.....

"ငါမောလာတယ် ညည်းရေတစ်ခွက်ခပ်ခဲ့စမ်း"

အိမ်ဖော်တစ်ယောက်ကို အမိန့်ပေးသံမျိုးနှင့်ပါ။

"လာ ညီမလေးထိုင်နေ ကိုကိုသွားခပ်ပေးမယ်"

ဟုဆိုကာ ကိုကိုရေသွားခပ်သည်။ ထိုစဉ်ဖူးဖူးဖေဖေရောက်လာကာ ဖူးဖူးကိုပွေ့ပြီး ပေါင်ပေါ်မှာ ထိုင်စေလိုက်သည်။

"မေမေကြည့်ပါဦး.....ဖူးဖူးက မူးထက်တောင် ပိုပြီးထွားမလာဘူးလား"

"လူဆိုတာ ကိုယ့်အဆင့်ကိုယ်သိရတယ်။ ဒူးနေရာဒူးတော်နေရာတော်တဲ့"

"ဟာ"

"မဟာနဲ့၊ မျက်နှာသာပေး ရွှေရေးပန်ကန်တက်ဆိုတာ မမေ့နဲ့"

"ဖူးဖူးက ကျွန်တော်တို့သမီးပါ"

"ငါ့သမီးဇရာစံက မွေးထားလို့လား"

ဟိုအခါမှာတော့ ဖေဖေ့ထံမှ ဘာစကားမှထွက်ပေါ်မလာတော့ပါ။ သူ့မရင်ထဲ တဆစ်ဆစ် နှင့်နာကျင်နေရသည်။ ဘွားဘွားပြောတာ မှန်နေတာပဲလေ။

"ငါ ရန်ကုန်ကိုဘာကိစ္စနဲ့လာတာလဲဆိုတာ မင်းသိပြီးသား"

"ဟုတ်ကဲ့"

"ငါ့အစီအစဉ်ကို မင်းငြင်းဖို့ဘာမှမစဉ်းစားနဲ့၊ ငါအားလုံးစီစဉ်ခဲ့ပြီးပြီ။ ငါ့ကိုက ကံဆိုးတာပါ။ သမီးလေးနှစ်ယောက်ရှိပါတယ်။ စောစောစီးစီးအိမ်ထောင်ပြု၊ အကြီးမကျတော့သက်ဆိုးမရှည်။ အငယ်မကျတော့လည်း ငယ်ငယ်ရွယ်ရွယ်နဲ့မုဆိုးမဖြစ်၊ ဟွန်း....သဘာဂတရား သဘာဂတရားမင်းသာ ငါ့ဆန္ဒကိုငြင်းရင် ငါ့ကိုသတ်တာနဲ့အတူတူပဲ"

“အဲလိုလည်းမဟုတ်ပါဘူး။ ကျွန်တော်က….”

“တော်ပါပြီ။ ဘာမှစောဒကမတက်နဲ့တော့။ ငါမသေခင် ငါ့မြေးတွေရဲ့အနာဂတ်ကို မျက်စိ မှိတ်သွားချင်တယ်။ မင်းရော ဇမိစံပါ အရွယ်ရှိတုန်း ငါ့မြေး “မူး”ကိုလည်း တခြားလူနဲ့စိတ်မချနိုင် သလို မြေး “စူးရှ”ကိုလည်း စိတ်မချနိုင်ဘူး။ ငါ့ဆန္ဒကို ငြင်းမယ်ဆိုရင်တော့ ငါ့ကိုသတ်လိုက် ခန့် သော်”

သူမအကြောင်းရင်းကို သေသေချာချာသိလိုက်ပါပြီ။ ဘွားဘွားလာတာ ဖေဖေ့ကို မေမေ့ညီမလေးဒေါ်ဇမီစံနဲ့ လက်ထပ်ပေးဖို့ပဲကိုး။

ဒီလိုနဲ့ပဲ ဖေဖေက မလူးသာမလွန့်သာ လက်ခံရတော့မည်ဆိုတာ သူမနားလည်လိုက် သည်။

“မနက်ဖြန် ဇမီနဲ့ မြေးစူးရှ ရောက်လာကြလိမ့်မယ်”

“ဗျာ”

သူမသိနေပါသည်။

ဖေဖေက စိတ်သဘောထားနူးညံ့သူပီပီ ထိုကိစ္စကို လက်ခံတော့မှာကိုပေါ့။

*